# တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ၏ ထိပ်သီးခေါင်းဆောင်များ မျက်နှာစုံညီအစည်းအဝေး ထုတ်ပြန်ကြေညာချက်

၂၀၁၅ ခုနှစ် မေလ (၆) ရက်

ပန်ခမ်းမြို့

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်း (၁၂)ဖွဲ့၏ ထိပ်သီးခေါင်းဆောင်များ မျက်နှာစုံညီ အစည်းအဝေးကို ၂၀၁၅-ခုနှစ် မေလ(၁) ရက်နေ့မှ (၆) ရက်နေ့ အထိ 'ဝ' ပြည်နယ် ပန်ခမ်းမြို့တွင် အောင်မြင်စွာ ကျင်းပပြုလုပ်ခဲ့ပါသည်။ အဆိုပါ အစည်းအဝေးကို 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ (UWSP)က ကြီးမှူး၍ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့ (KIO) နှင့် ရှမ်းပြည်နယ်အရှေ့ပိုင်းအမျိုးသားဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့ (NDAA) တို့မှ အထောက်အကူပြု စီစဉ်ကျင်းပခဲ့ပါသည်။

ယင်းအစည်းအဝေးသို့ ကချင်ပြည်လွတ်လပ်ရေးအဖွဲ့(KIO)၊ ကရင်နီအမျိုးသားတိုးတက်ရေးပါတီ (KNPP)၊ ကရင်အမျိုးသားအစည်းအရုံး(KNU)၊ ပလောင်ပြည်နယ် လွတ်မြောက်ရေးတပ်ဦး (PSLF)၊ ပအိုဝ်းအမျိုးသား လွတ်မြောက်ရေးအဖွဲ့ချုပ် (PNLO)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ မြန်မာအမျိုးသား ဒီမိုကရက်တစ် မဟာမိတ်တပ်မတော် (MNDAA)၊ ရက္ခိုင့်တပ်မတော်(AA)၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ (RCSS)၊ ရှမ်းပြည်တိုးတက်ရေးပါတီ (SSPP)၊ ရှမ်းပြည်နယ်အရှေ့ပိုင်း အမျိုးသား ဒီမိုကရေစီ မဟာမိတ်တပ်ဖွဲ့ (NDAA) နှင့် 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ (UWSP) တို့မှ ထိပ်သီး ခေါင်းဆောင် ကိုယ်စားလှယ်များနှင့် လေ့လာသူများ စုစုပေါင်း(၆၅) ဦးတက်ရောက်ခဲ့ပါသည်။

တက်ရောက်လာကြသော အဖွဲ့အစည်းခေါင်းဆောင် အသီးသီးတို့က မျက်မှောက် ပြည်တွင်းနိုင်ငံရေး အခြေအနေ၊ တစ်နိုင်ငံလုံးအပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့ ခိုင်မြဲသော ပြည်တွင်းငြိမ်းချမ်းရေး တည်ဆောက်နိုင်ရေးတို့ အတွက် မိမိတို့အဖွဲ့အစည်း၏ သဘောထားများကို အပြန်အလှန် ဆွေးနွေးတင်ပြ အမြင်ဖလှယ်ကြပြီး အောက်ပါအတိုင်း တညီတညွတ်တည်း သဘောတူညီခဲ့ကြပါသည်။

၁။ ။ အစိုးရအဆက်ဆက်နှင့် တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေးအဖွဲ့အစည်းများအကြား နှစ်ပေါင်း (၆၀)ကျော် ဖြစ်ပွားနေသော ပြည်တွင်းစစ်သည် တိုင်းရင်းသား လူမျိုးစုများအရေး အပေါ် အခြေခံသည့် နိုင်ငံရေးပြဿနာကြောင့် ဖြစ်သည်။ ထိုပြည်တွင်းစစ်ကို နိုင်ငံရေးနည်းဖြင့်သာ ဖြေရှင်းနိုင်မည်ဟု ယုံကြည်ပြီး နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေး ဖြေရှင်းသွားရေးကို ဦးစားပေး လုပ်ဆောင်သွားရန် သဘောတူညီကြသည်။ နိုင်ငံရေး ပြဿနာများကို ဖြေရှင်းရာတွင် သဘောထား ကွဲလွဲမှုများကို လက်နက်ဖြင့် ခြိမ်းခြောက် ဖိအားပေး ဖြေရှင်းသည့် နည်းလမ်းအား ဆန့်ကျင်ကန့်ကွက်သည်။

၂။ ။ ပြည်တွင်းစစ်ပြဿနာကို နိုင်ငံရေးနည်းအရ တွေ့ဆုံဆွေးနွေး ဖြေရှင်းနိုင်ရန် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေး သဘောတူစာချုပ် ဦးစွာလုပ်ဆောင်ရန် လိုအပ်ကြောင်းနှင့် ထိုသဘောတူစာချုပ် ချုပ်ဆိုရာတွင် လက်ရှိ အပစ်အခတ်မရပ်စဲ နိုင်သေးသည့် တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေးအဖွဲ့အစည်းများ တန်းတူရည်တူ ပါဝင်သင့်ကြောင်း ခံယူသည်။

၃။ ။ ဤထိပ်သီးခေါင်းဆောင်များ အစည်းအဝေးသည် မြန်မာနိုင်ငံ မြောက်ပိုင်းတွင် ဖြစ်ပွားနေသော စစ်ပွဲများ ရပ်တန့်ရေးကို အထူးအလေးအနက်ထားပါကြောင်းနှင့် တစ်နိုင်ငံလုံး အပစ်အခတ်ရပ်စဲရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲသော ငြိမ်းချမ်းရေးကို တည်ဆောက်ရာတွင် တစ်ဘက်နှင့်တစ်ဘက် ယုံကြည်မှုကို ပျက်ပြားစေသည့် လက်ရှိ ကချင်၊ တအာင်း၊ ကိုးကန့်နှင့် ရခိုင်ဒေသများ၌ မြန်မာ့တပ်မတော်က ပြုလုပ်နေသော ထိုးစစ်ဆင် တိုက်ခိုက်မှုများ ရပ်ချင်းရပ်တန့်ရန် အတွက် ဤအစည်းအဝေးကြီးမှ လေးနက် တည်ကြည်စွာ တောင်းဆိုသည်။

၄။ ။ တိုင်းရင်းသားလူမျိုးများဒေသ အထူးသဖြင့် စစ်ပွဲဖြစ်ပွားနေသည့် ဒေသများတွင် မြန်မာ့တပ်မတော်၏ လူ့အခွင့်အရေး ချိုးဖောက်ခြင်း၊ ပြည်သူလူထုများအပေါ် ညှဉ်းပန်း နှိပ်စက်နေခြင်းကို ပြင်းထန်စွာ ရှုတ်ချသည်။ နောင်တွင် ဤကဲ့သို့ လူ့အခွင့်အရေး ချိုးဖောက်သည့် ကိစ္စရပ်များ ထပ်မံ မဖြစ်ပွားအောင် ထိန်းချုပ်ပေးရန် တောင်းဆိုသည်။

၅။ ။ အနာဂတ်တွင် ငြိမ်းချမ်းတည်ငြိမ်တိုးတက်သော နိုင်ငံတော်ကို တည်ဆောက်သွားနိုင်ရန်အတွက် ၂၀၀၈ ဖွဲ့စည်းပုံအခြေခံဥပဒေကို ပြင်ဆင်ပြောင်းလဲပြီး ဒီမိုကရေစီရေး၊ အမျိုးသားတန်းတူရေးနှင့် ကိုယ်ပိုင်ပြဌာန်းခွင့် အခွင့်အရေးများ၊ အာမခံချက်များ အပြည့်အဝရှိသော ဖက်ဒရယ်ပြည်ထောင်စု နိုင်ငံတော် တည်ဆောက်သွားရန် တညီတညွတ်တည်း တောင်းဆိုသည်။

၆။ ။ ဗမာမဟုတ်သော တိုင်းရင်းသားအသီးသီး နေထိုင်ကြသော နယ်မြေများသည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ အစိတ်အပိုင်းများ ဖြစ်သည်နှင့်အညီ စစ်မှန်သော ဒီမိုကရက်တစ် ဖက်ဒရယ် ပြည်ထောင်စုအတွင်းမှ ခွဲထွက်မည် မဟုတ်ပဲ အတူတကွ စုပေါင်း နေထိုင်ကြမည် ဖြစ်သည်။

၇။ ။ ပြည်ထောင်စုမြန်မာနိုင်ငံ မြောက်ပိုင်းတွင် ဖြစ်ပွားနေသော တိုက်ပွဲများ ရပ်စဲရေးနှင့် အပစ်အခတ်ရပ်စဲရေး သဘောတူညီချက် လက်မှတ်ရေးထိုးနိုင်ရေး အတွက် ကုလသမဂ္ဂ နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ စောင့်ကြည့် ကြီးစားအားထုတ် ဆောင်ရွက်မှုကို ကြိုဆိုပြီး ထဲထဲဝင်ဝင် ကြီးကြပ်ပေးရန် တောင်းဆိုသည်။

၈။ ။ တစ်နိုင်ငံလုံး နိုင်ငံရေးဆွေးနွေးပွဲ ကျင်းပရာတွင် အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ နိုင်ငံရေးပါတီများ၊ တိုင်းရင်းသားလက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများ နှင့် ပြည်သူလူထုမှ ကိုယ်စားလှယ်များ ပါဝင်ဆောင်ရွက်သင့်ပါသည်။

၉။ ။ ပြည်ထောင်စု မြန်မာနိုင်ငံတွင်း နေထိုင်ကြသော တိုင်းရင်းသားလူမျိုးများသည် ပြည်ထောင်စု မြန်မာနိုင်ငံ၏ ဓိသားစုဝင်များ ဖြစ်ကြပြီး တိုင်းရင်းသားများ ချစ်ခင် ရင်းနှီးခြင်း၊ အပြန်အလှန် လေးစားခြင်း၊ တန်းတူညီမျှမှုရှိခြင်း၊ စည်းလုံးညီညွတ်မှုရှိခြင်းနှင့်

အပြန်အလှန် ရိုင်းပင်းကူညီမှုများ ရှိရန် လိုအပ်ပါသည်။ ဗမာတိုင်းရင်းသား လူမျိုးများသည် ဗမာမဟုတ်သော အခြားတိုင်းရင်းသားလူမျိုးများနှင့် ကင်းကွာ၍မရ သကဲ့သို့ ဗမာမဟုတ်သော အခြားတိုင်းရင်းသား လူမျိုးများသည်လည်း ဗမာတိုင်းရင်းသား လူမျိုးများနှင့် ကင်းကွာ၍မရပေ။ ထို့ကြောင့် တိုင်းရင်းသား အားလုံးသည် ငြိမ်းချမ်းစွာ အတူယှဉ်တွဲ နေထိုင်သည့် စိတ်ဓါတ်ကို တည်ဆောက်ရန် လိုအပ်သည်။

၁၀။ ။ တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး အဖွဲ့အစည်း အားလုံးပါဝင်သည့် ကိုယ်စားလှယ်အဖွဲ့ ဖွဲ့စည်း၍ တိုင်းရင်းသား အခွင့်အရေးများ တရားဝင် ရရှိနိုင်ရေး အတွက် နိုင်ငံတော်အစိုးရနှင့် နိုင်ငံရေးဆွေးနွေးပွဲများ ပြုလုပ်သွားမည် ဖြစ်ကြောင်း သဘောတူညီချက် ရရှိခဲ့ပါသည်။

၁၁။ ။ ဤထိပ်သီးအစည်းအဝေးသို့ တက်ရောက်လာကြသော တိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်း အများစုက 'ဝ' အမျိုးသားပြည်နယ် အဆင့် တောင်းဆိုခြင်းအပေါ် နားလည်၊ ထောက်ခံကြပါသည်။

၁၂။ ။ ဤထိပ်သီးအစည်းအဝေးမှ ရရှိခဲ့သော သဘောတူညီချက်များကို ဆက်လက် အကောင်အထည်ဖော် နိုင်ရန်အတွက် 'ဝ' ပြည်နယ်သွေးစည်းညီညွတ်ရေးပါတီ (UWSP) မှဦးဆောင်ကမကထပြု၍ အခြားတိုင်းရင်းသား လက်နက်ကိုင် တော်လှန်ရေး အဖွဲ့အစည်းများနှင့် သင့်တော်သည့် အချိန်အခါ၌ ဆွေးနွေးပွဲများ ထပ်မံ ကျင်းပပြုလုပ် သွားမည် ဖြစ်ကြောင်း ထုတ်ပြန်ကြေညာအပ်ပါသည်။

တိုင်းရင်းသားလက်နက်ကိုင်တော်လှန်ရေး ထိပ်သီးခေါင်းဆောင်များ

မျက်နှာစုံညီအစည်းအဝေး